# プライバシーポリシー

# ကိုယ်ရေးအချက်အလက် လုံခြုံရေးမူဝါဒ

株式会社 SEISIN（以下「当社」といいます。）は、本サービスの提供にあたり、お客様からお預かりする個人情報の重要性を認識し、以下の通りプライバシーポリシーを定めます。

SEISIN Co., Ltd. (နောက်တွင် "ဤကုမ္ပဏီ" ဟု ခေါ်ဆိုမည်) သည် ဤဝန်ဆောင်မှုကို ပေးအပ်ရာတွင် သုံးစွဲသူများထံမှ ရရှိသော ကိုယ်ရေးအချက်အလက်များ၏ အရေးကြီးပုံကို အသိအမှတ်ပြုပြီး အောက်ပါ ကိုယ်ရေးအချက်အလက် လုံခြုံရေးမူဝါဒကို သတ်မှတ်လိုက်သည်။

**1. 個人情報の取得**

当社は、本サービスの利用申込、契約手続き、お問い合わせの際に、氏名、住所、電話番号、メールアドレス、および本人確認書類（在留カード、マイナンバーカード等）の情報を適法かつ公正な手段によって取得します。
当社への情報の提供はすべて任意となっておりますが、当社が依頼する情報をご提供いただけない場合は、本人確認が完了せず、正常なサービス（契約・開通・サポート等）を提供できない場合があります。

**၁။ ကိုယ်ရေးအချက်အလက်များ ရယူခြင်း**

ဤကုမ္ပဏီသည် ဝန်ဆောင်မှုအသုံးပြုရန် လျှောက်ထားခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ရာတွင် အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထားများ (နေထိုင်ခွင့်ကတ်၊ My Number Card စသည်) ကို တရားဝင်ပြီး မျှတသောနည်းလမ်းဖြင့် ရယူပါမည်။ ဤကုမ္ပဏီသို့ အချက်အလက်များ ပေးအပ်ခြင်းသည် သုံးစွဲသူ၏ သဘောဆန္ဒအလျောက်သာ ဖြစ်သော်လည်း၊ ဤကုမ္ပဏီမှ တောင်းဆိုသော အချက်အလက်များကို ပေးအပ်ခြင်းမရှိပါက မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်မည်မဟုတ်သည့်အတွက် ပုံမှန်ဝန်ဆောင်မှုများ (စာချုပ်ချုပ်ဆိုခြင်း၊ ဝန်ဆောင်မှုစတင်ပေးခြင်း၊ အကူအညီပေးခြင်း စသည်) ကို ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။

**2. 個人情報の利用目的**

当社が取得した個人情報は、以下の目的で利用することができるものとします。

- 本サービスの契約締結、開通作業、および本人確認のため
- 利用料金の請求、決済確認、およびこれらに付随する連絡のため
- 本サービスに関する重要な通知、メンテナンス情報の案内のため
- お客様からのご質問・ご相談に対する回答（お問い合わせ窓口での対応）のため
- 

**၂။ ကိုယ်ရေးအချက်အလက်များကို အသုံးပြုရသည့် ရည်ရွယ်ချက်**

ဤကုမ္ပဏီသည် ရရှိထားသော ကိုယ်ရေးအချက်အလက်များကို အောက်ပါရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ပါသည်။

- ဤဝန်ဆောင်မှုအတွက် စာချုပ်ချုပ်ဆိုခြင်း၊ ဝန်ဆောင်မှုစတင်ပေးခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုရန်အတွက်။
- အသုံးပြုခများ တောင်းခံခြင်း၊ ငွေပေးချေမှုကို အတည်ပြုခြင်းနှင့် ၎င်းတို့နှင့် သက်ဆိုင်သော ဆက်သွယ်မှုများ ပြုလုပ်ရန်အတွက်။
- ဤဝန်ဆောင်မှုနှင့် ပတ်သက်သည့် အရေးကြီးသော အကြောင်းကြားစာများ၊ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သတင်းအချက်အလက်များကို အသိပေးရန်အတွက်။
- သုံးစွဲသူများ၏ မေးမြန်းချက်များနှင့် ဆွေးနွေးချက်များကို ပြန်လည်ဖြေကြားရန်အတွက် (စုံစမ်းမေးမြန်းရေးဌာနမှတစ်ဆင့် ဆောင်ရွက်ပေးခြင်း)။

**3. 第三者への提供**

第三者への提供 当社は、法令に基づく場合（警察、裁判所、行政機関等の公的機関から適法な照会を受けた場合を含みます）、および通信回線の提供元（MVNE）に対して契約手続き上必要な情報を提供する場合を除き、あらかじめお客様の同意を得ることなく、個人情報を第三者に提供することはありません。

**၃။ တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ခြင်း**

ဤကုမ္ပဏီသည် ဥပဒေကြောင်းအရ လိုအပ်သောအခြေအနေများ (ရဲတပ်ဖွဲ့၊ တရားရုံး၊ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ အစိုးရဌာနများမှ တရားဝင် စုံစမ်းစစ်ဆေးမှုများ ရှိလာပါက) နှင့် ဆက်သွယ်ရေးလိုင်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ

(MVNE) ထံသို့ စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ လိုအပ်သော အချက်အလက်များ လွှဲပြောင်းပေးရမည့် အခြေအနေများမှလွဲ၍ သုံးစွဲသူ၏ ကြိုတင်သဘောတူညီချက်မရှိဘဲ ကိုယ်ရေးအချက်အလက်များကို တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ခြင်း လုံးဝပြုလုပ်မည်မဟုတ်ပါ။

**4. 個人情報の安全管理**

当社は、お預かりした個人情報の漏洩、紛失、破壊、改ざん、および不正アクセスを防止するため、適切な安全管理措置を講じます。不要となった個人情報は、速やかに適切な方法で廃棄します。

**၄။ ကိုယ်ရေးအချက်အလက်များအား ဘေးကင်းလုံခြုံစွာ စီမံခန့်ခွဲခြင်း**

ဤကုမ္ပဏီသည် လက်ခံရရှိထားသော ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကြည့်ရှုခြင်းများမှ ကာကွယ်ရန်အတွက် သင့်လျော်သော ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ အသုံးမလိုတော့သော ကိုယ်ရေးအချက်အလက်များကိုလည်း သင့်လျော်သောနည်းလမ်းဖြင့် အမြန်ဆုံး ဖျက်ဆီးဖယ်ရှားသွားမည်ဖြစ်သည်။

**5. お問い合わせ窓口**

個人情報の開示、訂正、利用停止、その他の取り扱いに関するお問い合わせは、当社の「公式お問い合わせ窓口（SEISINmobile カスタマー窓口）」にて受け付けます。
※当社は、お問い合わせ対応の利便性向上のため、SNS 等のメッセージ機能を利用することがあります。

**၅။ စုံစမ်းမေးမြန်းရေးစင်တာ**

ကိုယ်ရေးအချက်အလက်များကို ထုတ်ဖော်ပြသခြင်း၊ ပြင်ဆင်ခြင်း၊ အသုံးပြုမှုကို ရပ်ဆိုင်းခြင်းနှင့် အခြားသော ကိုင်တွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို ဤကုမ္ပဏီ၏ "တရားဝင် စုံစမ်းမေးမြန်းရေးစင်တာ (SEISINmobile Customer Center)" တွင် လက်ခံဆောင်ရွက်ပေးပါသည်။

※ ဤကုမ္ပဏီသည် စုံစမ်းမေးမြန်းမှုများကို ပိုမိုအဆင်ပြေချောမွေ့စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် SNS အစရှိသော Message ပေးပို့သည့်စနစ်များကို အသုံးပြုနိုင်ပါသည်။

## 6. プライバシーポリシーの更新について

当社は、プライバシーポリシーを変更する場合があります。プライバシーポリシーに重要な変更がある場合には、サイト上で告知します。本ページをその都度ご確認の上、当社のプライバシーポリシーをご理解いただくようお願いします。

## ၆။ ကိုယ်ရေးအချက်အလက် လုံခြုံရေး မူဝါဒကို အသစ်ပြောင်းလဲပြုလုပ်ခြင်း

ဤကုမ္ပဏီသည် ကိုယ်ရေးအချက်အလက် လုံခြုံရေး မူဝါဒကို ပြောင်းလဲပြင်ဆင်နိုင်ပါသည်။ ကိုယ်ရေးအချက်အလက် လုံခြုံရေး မူဝါဒတွင် အရေးကြီးသော ပြောင်းလဲမှုများရှိပါက ဝက်ဘ်ဆိုက်ပေါ်တွင် အသိပေးကြေညာသွားမည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ဤကုမ္ပဏီ၏ ကိုယ်ရေးအချက်အလက် လုံခြုံရေး မူဝါဒကို နားလည်သဘောပေါက်စေရန် ဤစာမျက်နှာကို အခါအားလျော်စွာ စစ်ဆေးကြည့်ရှုပေးပါရန် တောင်းဆိုအပ်ပါသည်။